# မဲဆန္ဒရှင်စာရင်းနှင့် သန်းခေါင်စာရင်း နှိုင်းယှဉ်ချက်

တက္ကသိုလ်ဆရာတစ်ဦး

မြန်မာတစ်နိုင်ငံလုံးတွင် ရပ်ကွက်ကျေးရွာအုပ်စုများအလိုက် ၁၄-၉-၂၀၁၅ ရက်နေ့က ကြေညာခဲ့သော မဲဆန္ဒရှင် စာရင်းများအရ မဲဆန္ဒရှင် စုစုပေါင်း ၃၃,၅၀၅,၈၇၈ ဦး **(၃၃. ၅ သန်းခန့်)** ရှိခဲ့သည်။

ယင်းကိန်းဂဏန်းကို ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ထုတ်ပြန်ခဲ့သော ကိန်းဂဏန်းများနှင့် နှိုင်းယှဉ်ပြီး လွဲမှားစွာ ဝေဖန်ရေးသားမှုများကို ဖတ်ရှုရပါသည်။ ၎င်းတို့၏ ဖော်ပြချက်တွင် ၂၀၁၄ သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက်ရှိသော လူဦးရေသည် ၃၅ သန်းရှိကြောင်း၊ အဲဒီအထဲက မဲပေးခွင့်မရှိသည့် သာသနာ့ဝင်ကတ်ကိုင်ဆောင်ထားသူများ၊ ဧည့်နိုင်ငံသားများ၊ နိုင်ငံခြားသား မှတ်ပုံတင်ကိုင်ဆောင်ထားသူ၊ နိုင်ငံခြားသား နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများ - စုစုပေါင်း ၅ သိန်းကျော်နှင့် မည်သည့်ကတ်မှ ကိုင်ဆောင်မထားသူ ၁၁ သန်းကျော်ကို အသက် ၁၅ နှစ် လူဦးရေ ၃၅ သန်းထဲမှ နုတ်လိုက်ပါက မဲပေးနိုင်သူ ၂၄ သန်းပဲကျန်မှာဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ပြောသော ၃၃ သန်းခွဲနဲ့ ၁၀ သန်းလောက် ကွာခြားနေကြောင်း ပါရှိပါသည်။ ထို့ကြောင့် ပြည်သူများ အမှန်ကိုသိရှိနိုင်စေရေးအတွက် မဲဆန္ဒရှင်စာရင်းနှင့် သန်းခေါင်စာရင်း ကို နှိုင်းယှဉ်ဖော်ပြပါမည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနမှ ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁၂ ရက်နေ့အတွင်း ကောက်ယူခဲ့သော သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၁,၄၈၆,၂၅၃ (၅၁. ၄၂ သန်းခန့်) ဖြစ်သည်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန်ဖြစ်သည့် ၂၀၁၄ ခုနှစ် မတ်လ (၂၉) ရက်နေ့ ညဥ့်သန်းခေါင်ယံအချိန်၌ လူနေအိမ်များ (ဟိုတယ်များ၊ တည်းခိုခန်းများ . . . အပါအဝင်) တွင် ရှိခဲ့သော လူများ၏ စာရင်းပါဝင်သည်။ ကောက်ယူခဲ့သော အချက်အလက်များတွင် အမည်၊ ကျား၊ မ၊ ပြည့်ပြီးအသက်၊ အိမ်ထောင်ရေး အခြေအနေ၊ ကိုးကွယ်သည့်ဘာသာ၊ လူမျိုး၊ နေမြဲအရပ် စသည်များ ပါဝင်သည်။ စာရင်းကောက်ပုံစံ၌ ဖြည့်သွင်းရာတွင်လည်း အမည်မှအပ ကျန်အချက်အလက်များ အားလုံးကို ဂဏန်း (digit)ဖြင့်သာ ရေးမှတ်သည်။ ဥပမာ - အိမ်ထောင်ရေးအခြေအနေ စာတိုင်ကို ဖြည့်သွင်းရာတွင် အပျို/လူပျို-၁၊ အိမ်ထောင်ရှိ-၂၊ မုဆိုးဖို/မုဆိုးမ-၃၊ ကွဲကွာ-၄ နှင့် သာသနာ့ဝင်-၅ ဟု ဂဏန်းများကိုသာ ရေးမှတ်ပါသည်။ ထိုနည်းတူပင် နေမြဲအရပ်စာတိုင်ကို ဖြည့်သွင်းရာတွင်လည်း ယင်းမြို့နယ်၏သတ်မှတ် Code No. (ဂဏန်းသုံးလုံး)ကိုသာ ရေးမှတ်ခြင်းဖြစ်သည်။ တစ်အိမ်ချင်း ကောက်ယူခဲ့သော စာရင်းကောက်ပုံစံများကို Scan ဖြင့် ဖတ်ပြီး - လူဦးရေ၊ ယောကျ်ားဦးရေ၊ မိန်းမဦးရေ၊ အပျိုဦးရေ၊ အိမ်ထောင်စုဦးရေ၊ အသက်အလိုက်ရှိသည့်ဦးရေ . . . စသည့် အုပ်စုများ၏ အုပ်စုတစ်စုချင်းအလိုက် အရေအတွက်ကို သိရှိနိုင်ရန် စုစည်းခြင်းဖြစ်ပါသည်။ **ထို့ကြောင့် ဂဏန်းများကိုသာ ဖော်ပြထားသည့် သန်းခေါင်စာရင်းကို အခြေခံပြီး မဲဆန္ဒရှင်စာရင်းပြုစု၍ မရနိုင်ပါ။** အသက်အလိုက် လူဦးရေကို သိရှိရန်အတွက် စာရင်းကောက်ယူရာတွင်လည်း ပြည့်ပြီးအသက် (ဥပမာ - အသက် ၁၈ နှစ်၊ အသက် ၄၅ နှစ်)ကိုသာ ကောက်ယူခြင်းဖြစ်ပါသည်။ မဲစာရင်းမှာကဲ့သို့ မွေးသက္ကရာဇ်ကို ကောက်ယူခြင်း မရှိခဲ့ပါ။ မဲစာရင်းတွင်မူ မွေးသက္ကရာဇ်ကိုသိမှသာ ရွေးကောက်ပွဲ ကျင်းပသည့်နေ့၌ အသက်(၁၈)နှစ် ပြည့်/မပြည့် သိရှိနိုင်မည်ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

ပြည်သူ့အင်အားဦးစီးဌာန၏ ၂၀၁၅ ခုနှစ် မေလက ထုတ်ပြန်ချက်အရ - သန်းခေါင်စာရင်း ရည်ညွှန်းချိန်တွင် ရှိသည့် အသက် ၁၈ နှစ်အထက် လူဦးရေစုစုပေါင်းသည် ၃၃,၁၂၆,၁၁၇ (၃၃. ၁၂ သန်းခန့်) ရှိပြီး မြန်မာနိုင်ငံ၏ ပျမ်းမျှတစ်နှစ်လူဦးရေတိုးနှုန်း - Average Annual Population Growth သည် ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်းက ၀. ၈၉ ရာခိုင်နှုန်း ရှိခဲ့သည် (၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ပြည်ထောင်စု၊ သန်းခေါင်စာရင်းအစီရင်ခံစာ အတွဲ ၂၊ ၂၀၁၅ ခုနှစ် မေလ။ စာမျက်နှာ ၁၂၄၊ ဇယား က-၇ နှင့် စာမျက်နှာ ၂၀၊ ၂ နှင့် ဇယား - ၂ အရ)။ ဤတိုးနှုန်းဖြင့် ခန့်မှန်းတွက်ချက်မည်ဆိုပါက ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် အသက် ၁၈ နှစ် ပြည့်သူနှင့် ပြည့်ပြီးသူပေါင်း ၃၃,၆၁၉,၉၃၈ ဦး **(၃၃. ၆ သန်းခန့်)** ရှိနိုင်သည်။

မဲဆန္ဒရှင်စာရင်းနှင့် သန်းခေါင်စာရင်း နှစ်ခုတွင် အဓိကမတူညီသည့်အချက်မှာ သန်းခေါင်စာရင်း၌ ပြည်ပသို့

ရောက်ရှိနေသူ တစ်ဦးတစ်ယောက်မျှ မပါရှိသော်လည်း မဲဆန္ဒရှင်စာရင်းတွင်မူ ပြည်ပသို့ရောက်ရှိနေသူ အချို့ ပါဝင်နေပါသည်။ မဲစာရင်းပြုစုရာတွင် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ ၆၆/၆)တွင် ပါရှိသည့် အသက် (၁၈)နှစ် ပြည့်ပြီးသူအားလုံး (ဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူများ) ကို ထည့်သွင်းခဲ့ခြင်းကြောင့် မိသားစုများမှ နိုင်ငံခြားသို့ သွားရောက်နေသူများ (ရှိပါက) ပါဝင်ခဲ့ပါသည်။

ထို့ပြင် ဥပဒေအရ မဲပေးပိုင်ခွင့်ရှိသော အသက်(၁၈)နှစ် ပြည့်ပြီးသည့် နိုင်ငံသားတိုင်းကို မဲစာရင်းတွင် ထည့်သွင်းထားခြင်းကြောင့် ယခုထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းတွင် မှတ်ပုံတင်မရှိသူများလည်း ပါဝင် ပါသည်။

၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့က ကြေညာခဲ့သော မဲဆန္ဒရှင်စာရင်းတွင် မိမိတို့၏အမည် မပါ၍ ပုံစံ-၃ ဖြင့် လျှောက်ထားသူများ၊ ပုံစံ ၃-က ဖြင့်လျှောက်ထားသည့် မဲဆန္ဒရှင်များ (ရက်ပေါင်း ၁၈၀ ထက်မနည်း နေထိုင်ကြသော ရွှေ့ပြောင်းနေထိုင်သူများ) တိုးလာဦးမည် ဖြစ်ပါသည်။ (ကျူးကျော်အများစုနေထိုင်သော ရန်ကုန်တိုင်း ဒေသကြီး၊ မြောက်ပိုင်းခရိုင်နှင့် အရှေ့ပိုင်းခရိုင်တို့တွင် ပုံစံ ၃-က ဖြင့် လျှောက်ထားသူပေါင်း ၂၉၅,၉၄၂ ဦးနှင့် ၁၆၀,၀၀၃ ဦးရှိကြောင်း သိရှိရပါသည်။)

ထို့ကြောင့် နောက်ဆုံးထုတ်ပြန်မည့် မဲဆန္ဒရှင် စုစုပေါင်းဦးရေသည် သန်းခေါင်စာရင်းဦးရေထက် ပို၍များနိုင် သော်လည်း သန်းချီ၍ပိုများမည်မဟုတ်ကြောင်း ကြိုတင်ရှင်းလင်းအသိပေးဖော်ပြအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

ဦးဝင်းကြည်
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ဖုန်း- ၀၆၇-၄၀၄၄၀၁၊ ၀၉-၈၃၀-၄၁၃၈။